ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး

(၂၃)ရက်မြောက်နေ့ အစီအစဉ်

[ ၆-၅- ၂၀၁၆ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပြည်သူ့လွှတ်တော် အစည်းအဝေး (၂၃)ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဦးမင်းနောင်၊ ပင်လည်ဘူး မဲဆန္ဒနယ်၏ ပင်လည်ဘူးမြို့နယ်တွင် ဘိုးဘွားစဉ်ဆက် လုပ်ကိုင်ခဲ့သော လယ်ယာမြေများအား (၂၀၁၂)ခုနှစ် လယ်ယာမြေဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ရရှိရေးကိစ္စ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိုးစံသက်ထွန်း၊ မြင်းမူ မဲဆန္ဒနယ်၏ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်အတွင်းရှိ လက်ပံဆည်ကို ၂၀၀၄ ခုနှစ်က တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး ဆည်ရေသောက်ဧရိယာ ၂၅၀၀ ဧကကို ရေပေးဝေကာ ဒေသတောင်သူများ သီးနှံအထွက်တိုးစေရန် ရည်ရွယ်တည်ဆောက်ခဲ့ရာ လက်ရှိအခြေအနေတွင် ဆည်ရေသောက်

ဧရိယာ၏ သုံးပုံတစ်ပုံမျှပင် ဆည်ရေ မရရှိဘဲ ဆည်ရေ ပို့လွှတ်ရန် တူးဖော်ထားသော မြောင်းများကြောင့် တောင်သူများအနေဖြင့် မြေယာများသာ နစ်နာဆုံးရှုံးရခြင်း၊ နိုင်ငံဘဏ္ဍာငွေများ နစ်နာ ဆုံးရှုံးရခြင်းတို့နှင့် မိမိတို့နိုင်ငံအတွင်း ယင်းကဲ့သို့ အဖြစ်အပျက်များ များစွာရှိနေခြင်းတို့ကို ကြားသိရပါသဖြင့် ယင်းကဲ့သို့ နစ်နာမှုများကို သက်ဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့် သိရှိပါသလား၊ သိရှိပါက ယခုကဲ့သို့ ပြည်သူနှင့် နိုင်ငံဘဏ္ဍာငွေများ နစ်နာဆုံးရှုံးနေခြင်းအား မည်သည့်အချိန်တွင် ဖြေရှင်းဆောင်ရွက်မည်၊ အကယ်၍ ဆောင်ရွက်နိုင်ခြင်းမရှိသေးပါက အဘယ်ကြောင့် မဆောင်ရွက်နိုင် ရပါသနည်းနှင့် နိုင်ငံအတွင်း အလားတူဖြစ်ရပ်များကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် မည်သို့စီမံဆောင်ရွက်မည် ဆိုသည်တို့အား သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ မောက်မယ်မြို့နယ်၊ နမ့်လွတ်ကျေးရွာအုပ်စု၊ ကဒူးလေးကျေးရွာရှိ နမ့်ဟုတ်သစ်ရိုက် ကျောက်ဖြည့်ဆည်အား ကွန်ကရစ်ဆည်အဖြစ် အဆင့်မြှင့်တင် ပေးမည့် အစီအစဉ်များနှင့် ကဒူးလေးကျေးရွာ ရေဝေမြောင်း လက်တံအား ကျောက်စီရေသွယ်မြောင်းဖြင့် ရေထိန်းတံခါး စနစ်တကျ ဆောင်ရွက်ပေးမည့် အစီအစဉ်များကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်က “၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေအရ နိုင်ငံသား ပြဿနာများကို မြန်မာနိုင်ငံ တစ်ဝန်းတွင် ဤဥပဒေနှင့် အညီ ထိရောက်စွာ စိစစ်ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း ”အဆို တင်သွင်းခြင်း နှင့်လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

(သို့မဟုတ်)

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ စက်မှုဝန်ကြီးဌာနက ပေးပို့သော "ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး နည်းဥပဒေများ" နှင့်စပ်လျဉ်း၍ ပြင်ဆင်သည့် အဆိုကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၉။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး (၂၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၄)ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။